# HCV ➤ အခန်း (၄) သင့်အားထောက်ပံ့ ကူညီမှုနှင့်သင့်အပေါ် နားလည်မှုရရှိရေး

## သင်၏မိသားစုနှင့် သင်၏မိတ်ဆွေများ

Hepatitis C အသဲရောင်ရောဂါကို အစဉ်တစိုက်ကုသရေးသည် လူအများစုအတွက် ကြောက်မက်ဖွယ်လုပ်ငန်းဖြစ်ပါသည်။ သို့သော်လည်း သင့်အနေဖြင့် သင်၏အဝန်းအဝိုင်းတွင် ရှိကြသည့် သူများကို တိုင်ပင်၍ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားပါက သင်၏မိသားစု နှင့်သင်၏မိတ်ဆွေများ၏ အထောက်အပံ့အကူအညီ ရရှိပြီး ရောဂါကုသရေးသည် လွယ်ကူသော ကိစ္စ တခုဖြစ်သွားပေမည်။ မိသားစုနှင့် ဆွေးနွေးရာတွင် သူတို့အနေဖြင့် သင့်အား မည်သို့ကူညီနိုင်ကြောင်း ဤသို့အားပေးကူညီပေးမည့်အတွက် မိမိအနေဖြင့် အထူး ကျေးဇူးတင်ကြောင်းနှင့် များစွာ တန်ဘိုးထားကြောင်းတို့ကို ပြောပြရပါမည်။ အိမ်တွင်းတာဝန်ဖြစ်သည့် ချက်ရေးပြုတ်ရေး သန့်ရှင်းရေး နှင့် ကလေးငယ်များအား ပြုစုစောင့်ရှောက်ရေး တို့တွင်ါအတူတကွ ဖြန့်ဝေ တာဝန်ယူလိုကြောင်းကိုလည်း ပြောဆိုနေရန်လိုပါ သည်။

ရောဂါပျောက်ဆေးကြောင့် စိတ်အားငယ်ခြင်း စိတ်ရှုပ်ထွေးခြင်း စိတ်မရှည်ခြင်း စသည့် မလိုလား အပ်သော စိတ်ပိုင်း ဆိုင်ရာ ဘေးထွက်အကျိုးသက်ရောက်မှုများကို ရင်ဆိုင်ရလိမ့်မည်။ ဤကိစ္စအတွက် ပြင်ဆင်ရင်ဆိုင်နိုင်ရေးအတွက် မိသားစုနှင့်တကွ ရင်းနှီးသော မိတ်ဆွေများကို တိုင်ပင်ဆွေးနွေးရပါမည်။ ဤသို့ဖြင့် သင်၏ စိတ်နေသဘောထား မကြာခဏ ပြောင်းလဲတတ်သည်ကို သင်၏ ပတ်ဝန်းကျင်က နားလည်သဘောပေါက်ရန် အထောက် အကူပြုပါ လိမ့်မည်။

သင်သည် အထူးကုဆရာဝန် သို့မဟုတ် သူနာပြုတဦးဦးနှင့် တွေ့ဆုံရန် ချိန်းထားရာသို့ ယုံကြည်စိတ်ချရသူ တဦးဦးကိုခေါ် သွားရပါမည်။ တွေ့ဆုံဆွေးနွေးရာတွင် ယင်းတို့ရှိနေပါက များစွာအထောက်အကူ ဖြစ်ပါလိမ့်မည်။ ဆရာဝန်အားမေးမြန်းရန် ကြိုတင်ပြင်ဆင်ထားသော မေးခွန်းများကိုလည်း သင့်အား သတိရစေပါသည်။ ဆရာဝန် (သို့မဟုတ်) သူနာပြုတို့ မှာကြားလိုက်သည်တို့ကိုလည်း သင့်အားအမှတ်ရစေနိုင်ပါသည်။

## ရောဂါတူလူနာများနှင့် အထောက်အကူပြုအဖွဲ့အစည်းတို့၏ကူညီပန့်ပိုးမှု

လူနာကိုအထောက်အကူပေးနေသည့် လူမှုရေးအဖွဲ့အစည်းများနှင့် ကွန်ယက်ဆက်သွယ် ကူညီသူတို့သည် သင့်အား ကုသမှု စတင်ယူသင့် မယူသင့်နှင့် ပတ်သက်ပြီး ဆုံးဖြတ်နိုင်ရေးအတွက် ကူညီထောက်ပံ့မှုများ ပေးနိုင်သည့် အရေးကြီးသော ဇာတ်ကောင်များဖြစ်ပါသည်။ ယင်းတို့သည် ဆေးကုသမှုခံယူနေစဉ် ကာလအတွင်း၌ တန်ဘိုးမဖြတ်နိုင်သည့် ထောက်ပံ့ကူညီမှု အားပေးမှုများ ပေးစွမ်းနိုင်ပါသည်။ အထူးသဖြင့် သုံးစွဲရသည့်ဆေး တို့၏ မလိုလားအပ်သော ဘေးထွက်အကျိုးဆက်များ ဖြစ်ပေါ် လာသည်တို့ကို သင်ရင်ဆိုင်ရသောအခါတွင် ဖြစ်ပါသည့် အသဲရောင်ရောဂါ နှင့်ပတ်သက်ပြီး အကြံပေးရန် ဖွဲ့စည်းထားသောအဖွဲ့ (ကောင်စီ) များနှင့် အချို့သောဆေးရုံတို့တွင် Hepatitis C အသဲရောင်ရောဂါဖြစ်နေသည့် နာတာရှည် လူနာများအတွက် ထောက်ပံ့ ကူညီနေသည့် အဖွဲ့တို့ရှိပါသည်။

## မည်သူနှင့်ဆွေးနွေးတိုင်ပင်ရမည်နည်း

ဤမေးခွန်းသည် လူနာတိုင်းမေးသည့် မေးခွန်းဖြစ်ပြီး အဖြေပေးရမှာလည်း မလွယ်ပါ။ အဘယ့်ကြောင့်ဆိုသော် လူတို့တွင်တဦးနှင့်တဦး လူမှုဆက်ဆံရေး မိတ်ဆွေအသိုင်းအဝိုင်း နှင့် လူတဦးချင်း၏ လိုအပ်ချက် စသည်တို့ ကွဲပြားချားနား ကွာခြားကြသည်။ သင့်အနေဖြင့်

Hepatitis C အသဲရောင်ရောဂါဖြစ်နေသည်ဟု သိရှိလိုက်သည်နှင့်တပြိုင်နက် ဘယ်သူ့ကို သင်ဘာပြောရမလဲ ဘယ်သူနှင့် သင်ဘာတိုင်ပင်ချင်သလဲ တို့ကိုစဉ်းစား ရပေမည်။ သူတို့တတွေကို ကိုယ်ရေးကိစ္စ နှင့်ပတ်သက်ပြီး အသိပေးရတာ စိတ်ချရပါ့မလား။ ဤသို့ပြော ပြလိုက်ရသည့်အတွက် စိတ်ပူပန်မှုများ လျော့သွားမလား စိတ်များပေါ့သွားမလား စသည်တို့ကို လည်း သင်စဉ်းစား သင့်ပါသည်။

သွားဆရာဝန်စသည့် သင်၏ရောဂါ နှင့်တိုက်ရိုက် မသက်ဆိုင်သော ပုဂ္ဂိုလ်များကို ကျန်းမာရေးဝန်ထမ်းဆို ပြီး သင့်ရောဂါအကြောင်း သင့်ရောဂါ အခြေအနေတို့ကို သင်ပြောပြစရာမလိုပါ။ ကျန်းမာရေးဝန်ဆောင် ဌာနများအနေဖြင့် ကျန်းမာရေးဝန်ထမ်းများ နှင့်တိုင်ပင်ဆွေးနွေးချင်းကို အားပေးသော်လည်း တရားဥပဒေ အ ကြောင်းအရ သင်ပြောပြရန် မလိုပါ။

သင်၏အလုပ်ခွင်မှ အုပ်ချုပ်သူလူကြီးကိုသော်လည်းကောင်း လုပ် ဖေါ်ကိုင်ဖက် တဦးဦးကို သော်လည်းကောင်း သင်၏ Hepatitis C အသဲရောင်ရောဂါ အကြောင်း သင်၏ဆန္ဒ မရှိပဲ ပြောပြစရာမလိုပါ လူသားချင်း စာနာထောက်ထားတပ်ပြီး လူမှုရေးကိစ္စကို နားလည်သောအလုပ်ရှင်ဖြစ်ပါ ကသင့်အတွက် ဘဝရပ်တည်ရေး အဆင်ပြေစေရန် နှင့်ဆေးကုသရေးပြေလည်စေရန် လုပ်ငန်းခွင်မှ ဆေးခွင့်ပေးနိုင်ပါသည်။ သင်ရောဂါ မသက်သာဘဲ နေထိုင်မကောင်းသောအခါများ၌လည်း နာမကျန်းခွင့်တောင်းနိုင်ပါသည်။ မည်သူ့ကိုပြောရမည် ပြောပြသောအခါ သူ့အနေဖြင့် မည်သို့တုန့်ပြန်လာသည်တို့နှင့် ပတ်သက်ပြီး အကဲခတ်ဆုံး ဖြတ်နိုင်သည့် သူမှာ သင်ပင်ဖြစ်ပါသည်။

Hepatitis C အသဲရောင်ရောဂါ ရရှိသွားသည့် အကြောင်းကို လူအများအား ပြောပြချင်းသည် သင်၏ရပ်တည်မှု သင်၏ ရောဂါသက်သာမှုအတွက် များစွာအထောက်အကူရပါသည်။ အသဲရောင်ရောဂါ၏ သဘောသဘာဝကို နားလည်သော မိတ်ဆွေတဦးဦး သည် နာတာရှည် အသဲရောင်ရောဂါ နှင့် နေတတ်သွားအောင်လည်းကောင်း ရောဂါ ၏ ဖိစည်းမှု ဒဏ် ခံနိုင်ရည်ရှိသွား အောင် လည်းကောင်း ကူညီ ပါလိမ့်မည်။

ဥပဒေအရ သင်၏ Hepatitis C အသဲရောင် ရောဂါအခြေအနေကို သက်ဆိုင်ရာတို့အား သင့်အနေဖြင့် တင်ပြရန်လိုအပ်သည့်နေ ရာများ လည်းရှိပါသည်။ ယင်းတို့တွင် အောက်ပါ နေရာဌာနများပါဝင်သည်။

- သွေးလှူဘဏ်တွင် သွေးလှူသော်
- အချို့အာမခံကုမ္ပဏီများတွင် ကူးစက်တတ်သောရောဂါ နှင့်အခြားရောဂါ အ ကြောင်း သင့်အားမေးသော်
- Australia နိုင်ငံကာကွယ်ရေးတပ်မတော်သား တယောက်ဖြစ်သော်

## ကိုယ်ရေးကိုယ်တာ အတွင်းရေးကိစ္စ

သင်၏ကိုယ်ရေးကိုယ်တာ အတွင်းရေးကိစ္စဟု ဆိုရာ၌ သင်၏ကျန်းမာရေး အခြေအနေ ဆေးကုသမှုခံယူသည့် အကြောင်းအရာတို့သည် သင်၏ကိုယ်ရေးကိစ္စများဖြစ်၍ သင်၏ကိုယ်ပိုင် (သင်တဦးတည်း ပိုင်ဆိုင်သော) အချက်အလက်များဖြစ်သည်ဟု အဓိပ္ပါယ်သက် ရောက်ပါသည်။

သို့ဖြစ်၍ သင်၏ခွင့်ပြုချက် မရရှိဘဲ မည်သူ့ကိုမှ ဤအကြောင်းအရာ နှင့်ပတ်သက်ပြီး ပြောနိုင်ခွင့်မရှိပါ။ Australia နိုင်ငံ တွင် ကျန်းမာရေးဝန်ထမ်း တဦးဦးသည် သင်၏အတွင်းရေးအကြောင်းအရာတို့ကို ပြောဆို ခွင့်မရှိပါ။

ကျန်းမာရေးဝန်ထမ်းဟုဆိုရာ၌ တိုက်ရိုက်ဆေးကုပေးသော ဆရာဝန်များ သူနာပြုများ သာမက လူမှုဝန်ထမ်းများ အကြံဉာဏ် ပေးကြသည့် အတိုင်ပင်ခံများ ဘာသာပြန်ဆိုသူများနှင့် လူနာမှတ်ပုံတင်သူများတို့ အကျုံးဝင်ပါသည်။ ကျန်းမာရေးဝန်ထမ်းတဦးသည် သင်၏ခွင့်ပြုချက်ကို ကြိုတင်မရယူဘဲ သင်၏ ခင်ပွန်း ဇနီး အတူနေသူ မိဘနှင့်သားသမီးတို့ကို သင်၏ ကျန်းမာရေး အခြေအနေ နှင့်ပတ်သက် ပြီး ပြောပြခွင့်မရှိပါ။

ထို့ပြင် သင်၏အလုပ်ဌာန အုပ်ချုပ်သူလူကြီး လုပ်ငန်းခွင်မှ လုပ်ဖော် ကိုင်ဖက်တို့အနေဖြင့်လည်း သင်ပြောပြထားသော သင်၏ ကျန်းမာရေး အခြေအနေတို့သည် ကိုယ်ရေးကိုယ်တာ အတွင်းရေးလျှို့ဝှက်ချက်များဖြစ်သဖြင့် သင်၏ ခွင့်ပြုချက်မရရှိဘဲ အခြားသူတဦးကို ဖြစ်စေ အဖွဲ့အစည်း တခုကို ဖြစ်စေ ပြောပြနိုင်ခွင့် မရှိပါ။

**လူလူချင်းခွဲချား ဆက်ဆံမှု**

လူတဦးချင်းကို ဖြစ်စေ လူအုပ်စုတစု ကို ဖြစ်စေ ကျားမ ဟူ၍ လိင်အရ ခွဲချား ဆက်ဆံခြင်း အခွင်အရေးခွဲခြားခြင်း လူမျိုးအရဖြစ်စေ ကျန်းမာရေးအခြေအနေအရ ဖြစ်စေ ကိုးကွယ်သည့် ဘာသာအရ ဖြစ်စေ ခွဲခြားပြီး ဆက်ဆံခြင်း အခွင့်အရေး တန်းတူမပေးခြင်း ကို လူလူခြင်းခွဲချား ဆက်ဆံ သည်ဟုဆို ပါသည်။ Australia နိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းတဦး သည် အောက်ပါ အကြောင်း တခုခုကြောင့် လူလူချင်းခွဲချား ဆက်ဆံ ခြင်း ပုတ်ခတ် ဆုံးဖြတ်ခြင်း ပြစ်တင် ရှုံချခြင်း ဝေဘန်ခြင်း သင့်အား ဝန်ဆောင်မှုပြုရန် ငြင်းဆိုခြင်း လုပ်ငန်း ဆောင်တာများ လုပ်ပေးရန် ငြင်း ပယ်ခြင်း တို့သည် တရား ဥပဒေ ချိုးဖောက် ခြင်း ဖြစ်ပါသည်။

- သင် ၌ Hepatitis C အသဲရောင်ရောဂါရှိခြင်း
- သင် သည် အင်္ဂလိပ် စကား မပြောတတ် ခြင်း (သို့မဟုတ်) သင်အင်္ဂလိပ် စကားပြောရာတွင် အသံဝဲခြင်း
- သင်သည် Australia နိုင်ငံသား မဟုတ်ခြင်း
- သင်သည် မူးယစ်ဆေးဝါး ကို ဆေးထိုးအသုံး ပြုသူဖြစ်ခြင်း

အကယ်၍ သင့်အနေဖြင့် လူလူချင်း ခွဲခြားဆက်ဆံခြင်းခံရ သည်ဟု ထင်မြင်လျှင် သို့မဟုတ် အထက်ပါအကြောင်းတခုခုကြောင့်သော်လည်းကောင်း သင့်အား တရားမျှတစွာ ဆက်ဆံခြင်း မပြုဟု ယူဆလျှင် သက်ဆိုင်ရာတို့ထံတွင် တိုင်ကြားနိုင်ပါသည်။ သက်ဆိုင်ရာ ဆက်သွယ်ရန်ဌာနများခေါင်းစဉ်ဖြင့် Australia နိုင်ငံရှိ နိုင်ငံအရ နေရာဒေသအရ ဖွဲ့စည်းထားသော စကားပြောကြေးနန်း (တယ်လီဖုန်း) နံပတ်များ နှင့်ကွန်ပျူတာနှင့် ဆက်သွယ်ရန် လိပ်စာများ ကို ဖော် ပြထား ပါသည်။